# *For Those Seeking The Truth& Dynamic Living*

## သမ္မာတရားနှင့်ကြွယ်ဝသော အသက်တာရှာဖွေသူ အတွက်

# Christ is Victor

## ခရစ်တော်သည် အောင်နိုင်သူ

စက်တင်ဘာလ/အောက်တိုဘာလ ၂၀၁၁

“ကျွန်၏ သဘောမှ သားဖြစ်ခြင်း၏သဘော”

## “From Bondage to Sonship”

“အကြောင်းမူကား၊ သင်တို့သည် တဖန်ကြောက်ရွံ့တတ်သော ကျွန်၏သဘောကို ရကြသည်မဟုတ်။ အဗ္ဗအဘုဟု ခေါ်ရသော အခွင့်နှင့်သားဖြစ်ခြင်း၏ ဥဘောကိုရကြပြီ။ “(ရောမ၈ါ၁၅)

သင်သည် ကျွန်၏သဘောသို့မဟုတ် သားဖြစ်ခြင်း၏ ဥဘောကိုရရှိသနည်း၊ ကြောက်ရွံ့တတ်သော ကျွန်၏ ဥဘောသည် လူတို့ကို ပြန်လည်ဖမ်းဆီးတတ်သည်။ ရှင်ပေါလုသည် ဤကျွန်ဘဝမှ လွတ်မြောက်စေရန်လူတို့အတွက် တိုက်ပွဲဝင်ခဲ့သည်။ ကြောက်ရွံ့တတ်သော ကျွန်၏သဘောသည် လူသားကို ပျက်ဆီးခြင်းသို့ ခေါ်ဆောင်ခဲ့သည်။ သားခြစ်ခြင်း၏ သဘောသည် လူသားကို အဗ္ဗအဘုဟုခေါ်ရသော အခွင့်သို့ပို့ဆောင်ခဲ့သည်။ “ထိုမှအနည်းငယ်လွန်ပြန်လျှင်၊ မြေပေါ်မှာပြပ် ဝပ်၍ အိုအဘခမည်းတော်ကိုယ်တော်သည် အလုံးစုံတို့ကို တတ်နိုင်တော်မူ၏။ ဤခွက်ကို အကျွန်ုပ်မှလွဲတော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေ သော်ဟူ၍ ထိုအချိန်နာရီသည် မိမိနှင့် လွန်သွားနိုင်လျှင် လွန်သွားပါမည်အကြောင်းဆုတောင်းတော်မူပြီ” (မာကု၁၄း၃၅၊၃၆)။ သင်တို့သည်လည်း” အဘခမည်းတော်”ကို ယုံကြည်ခြင်းနှင့်ခေါ်တော်မူပြီး ယခုဘာလုပ်မှာလဲ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝ၍ တရားမျှတသော ဘုရားဖြစ်ကြောင်း ကျွန်ပြုခံနေရခြင်းနှင့် ကျွန်ဘဝမှ ကယ်တင်ခဲ့သည်။

လူ့သား အပေါင်းတို့သည် ခရစ်တော်နှင့် ဝေးကွာပြီး၊ အဖြစ်၏ ကျွန်ဖြစ်နေကြောင်းကို သမ္မာကျမ်းစာက ရှင်းလင်းစွာဖော်ပြပါသည်။ ထိုဖော်ပြချက်ကို စိတ်နှလုံးတွင် ခံယူမှသာ လွတ်ခြင်းသဘောတရားကို နားလည်နိုင်ပေမည်။ သေခြင်းတရားသည် အရာအားလုံး၏ အဆုံးဟူသော ကြောက်ရွံ့ခြင်းမှလွတ်မြောက်စေ၏။ ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်လာသော။ ကျွန်ုပ်တို့အား လွတ်မြောက်စေသည်။ ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသော ဝိညာဉ် တော်ကို ကျိန်းဝပ်သောအခါ၊ စုံလင်သော လွတ်မြောက်မှုကို ခံစားရရှိရန် လွတ်ခြင်း အခွင့်ကို ပေးထားပါသည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားပညတ်တရား၏ ဝန်ထုပ်မှလွတ်လပ်သော အသက်တာသို့ ခေါ်ဆောင်ပါသည်။ သို့သော် ရှင်ပေါလုက၊ ထိုလွတ်ခြင်းအခွင့်ကို တခြားသူအားထိခိုက်စရာမဖြစ်စေရန် သို့မဟုတ် အပြစ်ကို အခွင့်မပေးရန် သတိပေးနှိုးဆော်ထားသည်။ ထိုသို့ပြုပါက ကျွန်ုပ်တို့သည် အပြစ်၏ ကျွန်ဘဝသို့ပြန်လည်ရောက်ရှိသွားမည်ဖြစ်သည်။ တနည်းဆိုသော် ဤလွတ်မြောက်ခြင်း၏တခုတည်းသော ဦးတည်ချက်မှာ ခရစ်တော်ကို ထောက်၍ ခရစ်တော်နှင့် တပါးသူတို့အား မေတ္တာဖြင့်အစေခံရန်ဖြစ်သည်။

ချာလီဖိုင်နီသည် စီးပွါးရေးသမားတယောက်၏ အကြောင်းကို ဖော်ပြခဲ့သည်။ သူအလုပ်မှဆင်းလာသည်နှင့် ဆုတောင်းအခန်းသို့ ဝင်၍ဆုတောင်းခဲ့သည်။ ချာလီဖိုင်နီက" ဤစီးပွားရေးသမားသည် များပြားသော အလုပ်တာဝန်ရှိ သော်လည်း အမြဲဆုတောင်းပြီး ဘုရားသခင်နှင့် မိတ်သဟာယ ရှိနိုင်သည်။ ထို့ကြောင့် သူ၏ ဤသက်တာ သည် ဆုတောင်းခြင်း အသက်တာရှိသည် ဖြစ်သည်။ ဘုရားသခင်နှင့် အမြဲမိတ်သဟာရဖွဲ့နိုင်ဖို့အလို့ငှာ ဆုတောင်းခြင်းဖြင့် အသက်တာကို အသုံးပြုမှာ ဖြစ်သည်။ သားဖြစ်ခြင်း၏ ဥဘောသည် သင်၏ အသက်တာ၌ ဘုရားသခင်ထံကို အော်ဟစ်ပြီး ကိုယ်တော်၏ အလိုတော် ကျွန်ုပ်၏ ဤလိုတော်မဟုတ်။ သားဖြစ်ခြင်း၏ သဘောသည် ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ရန် အပ်နှံ သောအသက်တာရှိသည်။ ဘုရားသခင်၏ အမွေကို လက်ခံရရှိနိုင်ရန် အဗ္ဗအဘုဟုခေါ်ရသော အခွင့်ကို ရရှိနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ ထို့မှခရစ်တော်၏ ဆုတောင်းခြင်းကဲ့သို့ သင်၏ အသက်တာ၌လက်ခံရရှိမှာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့် အတူ အသက်တာလျှောက်လှမ်းရမည်ဖြစ်သည်။

ဘုရားသခင်က သင့်ကို ကူညီပါစေ။။

–ယောရှုဒ်ယေလ

## "ကြောက်ရွံ့သောစိတ်နှင့် တုန်လှုပ်ခြင်း"

## "With Fear and Trembling"

"ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှုတော်ကို ထမ်းရွက်၍၊ တုန်လှုပ်ခြင်းနှင့် ဝမ်းမြောက်ကြလော့။ (ဆာလံ ၂း၁၁)

အဘယ်ကြောင့်တုန်လှုပ်ပြီး စိတ်လှုပ်ရှားသနည်း။ အကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော ဘုရား၏ အမှုတော်ကို ထမ်းရွက်ကြသည်မဟုတ်လော၊ ကြောက်ရွံ့သောစိတ်နှင့် ထာဝရဘုရား၏ အမှုတော်ကို ထမ်းရွက်ကြလော၊ ဘုရားသခင်သည် သင့်ကို ဘယ်လိုအသုံးပြုပါသနည်း၊" ငါ့ကိုတောင်းလော့၊ လူအမျိုးမျိုးတို့ကို သင်၏ အမွေဥစ္စာဘို့ ငါပေး မည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သော အခွင့်ကိုလည်း ငါပေးမည်။ သင်သည် သူတို့ကို သံ၊ လှံတံနှင့် အုပ်စိုး၍ မြေအိုးကို ခွဲဖျက်သကဲ့သို့ခွဲဖျက်လိမ့်မည်ဟု ငါ့အား မိန့်တော်မူပြီ။ (ဆာလံ ၂း၈–၉) သင်သည် ကြောက်ရွံ့သော စိတ်နှင့် ထာဝရ ဘုရား၏ အမှုတော်ကို ထမ်းရွက်လျှင် တန်ခိုးကြီးသော စွမ်းအားကို သင်လက်ခံရရှိမှာဖြစ်သည်။

သင်သည် အင်္ဂလန်နိုင်ငံ၏ ဘုရင်မနှင့် အတူနေလျှင် ဂရုစိုက်စွာ နေရမှာဖြစ်သည်။ ထိုမက သင်သည် ဘုရင်များတကာ ဘုရင်နှင့် အတူနေလျှင် ပိုပြီး ဂရုစိုက်စွာနေရမည်ဖြစ်သည်။ သင်သည် သန့်ရှင်းစွာ နေရမည်ဖြစ်သည်။ သင်၏ အတွေးအခေါ် စိတ်ဓါတ်များကိုလည်း သူ အကုန်သိ၏။ သင်၏ အတွေးအခေါ်စိတ်ဓါတ်များကိုလည်း သူအကုန်သိ၏။ သင်၏အလုပ်သွားလေရာရာ၌ ဘုရားသခင်သည် သင့်ကို ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ "သင်သည် ဣသရေလ အမျိုးသားပရိသတ် အပေါင်းတို့အားဆင့်ဆိုရမည်မှာ၊ သင်တို့၏ ဘုရားသခင် ငါထာဝရဘုရားသည် သန့်ရှင်းသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့။ (ဝတ်ပြုရာ၁၉း၂) ဘုရားသခင်သည် သန့်ရှင်းသော ဘုရားဖြစ်သည်။ အခြားဘုရားများ အားလုံးမှ ခွဲခြားလျက် သီးခြားတည်ရှိနေတော်မူသော ဘုရား၊ တန်ခိုးအာနုဘော်တပါးတည်းသည်သာ ရှိသေကြောက်ရွံ့ ထိုက်သူဖြစ် သည်။ သင်၏ ညီအစ်ကိုကို စိတ်အခုအခံမရှိရ၊ ကိုယ်နှင့်စပ်ဆိုင်သော သူ၌ရှိသော အပြစ်ကို တတ်တိုင်းမရှိစေတဲ့ သူကို အမှန်ဆုံးမရမည်။ (ဝတ်ပြုရာ ၁၉း၁၇) သင်၏ အိမ်နီးနားများကို ဖျက်ဆီးခြင်းသို့မရောက်စေရ။ ထိုသို့သင်တို့သည် သားဖြစ် သောကြောင့်

အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင်စေ လွှတ်တော်မူ၏။ (ဂလာတိ၄း၆) သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ဝင်ရောက်ကိန်းဝပ်တော်မူသော အခါ၊ ကျွန်ုပ်တို့တဦးစီအား ဆုကျေးဇူးများကို ပေးတော်မူသည်။ ခရစ်ယာန်တိုင်း၏ အသက်တာတွင် အစဉ်တိုးတက်ရှင်သန်နေရန် ဘုရားသခင်အလိုတော်ရှိသော အသက်ရှင်ခြင်း၏ လက္ခဏာ အလုံးစုံပင်ဖြစ်သည်။ ညီအစ်တို့ သင်တို့သည် လွှတ်ခြင်း အခွင့်ကို ရသောသူဖြစ်ကြ၏။ သို့သော်လည်း ဇာတိပကတိအား အခွင့်ကိုပေး၍ ထိုလွှတ်ခြင်းကို မသုံးကြနှင့်။ (ဂလာတိ၅း၁၃) ဘုရားသခင်သည် သူတပါးကို ချစ်ခြင်းမေတ္တာနှင့် ပေါင်းသင်းဆက်ဆံဖို့ တွန်းသင်ခဲ့သည်။ သမ္မာကျမ်းစာတွင် မေတ္တာပါရမီကို အခြားပါရမီများတို့ထက် ပိုမိုဖော်ပြသည်။ ချစ်ခြင်းမေတ္တာသည် အခြားသော ဆုကျေးဇူးများထက်ပို၍ မြတ်၏။ အခြားဆုကျေးဇူးများသည် အဆုံး၌ ပျောက်ကွယ်နိုင်သော်လည်း ချစ်ခြင်းမေတ္တာသည် ထာဝရ တည်ရှိနေမည်ဖြစ်သည်။ သင့်အတွက် အကောင်းဆုံးသည် ဘုရားသခင်သိ၏။ ကြောက်ရွံ့ခြင်းနှင့် တုန်လှုပ်ခြင်းဖြင့် ဘုရားသခင်၏ အမှုတော် ထမ်းဆောင်ကြပါစို့။ ဘုရားသခင်သည် ကြီးမားသော ဘုရားသခင်ဖြစ်သည်။

–အမ်(န်) ဒံယေလ

“စမ်းစစ်ရန်”

## “Reality Check”

“ငါ့ကိုမစခြင်း အကြောင်းသည် ပေါ်ထွက်ရသော တောင်ရိုးသို့ ငါမျှော်ကြည့်၏၊ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရားထံတော်မှ၊ ငါ့ကို မစခြင်း အကြောင်းသည် ပေါ်ထွက်၏။ (ဆာလံ၁၂၁း၁–၂)

“ဝီလျှမ် ဟန့်တား”

## “William Hunter”

ဝီလျှမ်ဟန့်တားအသက် ၁၉နှစ် အရွယ် ဘုရားလူသည် ၁၅၅၅ ခုနှစ်မတ်လ ၂၆ ရက်နေ့တွက် အားနည်းသဖြင့် သေဆုံးခဲ့ရ သည်။ သူ၏ ဥမိုင်းရာဇဝင်သည် ခရစ်ယာန်များ၏ ပုံဥပမာ တခုဖြစ်သည်။ သူ၏ မိဘများသည် သေဆုံးသည့် တိုင်အောင် ယုံကြည်ခြင်းနှင့် ဆက်လျှောက်ဖို့သဘောတူခဲ့သည်။ နောက်တစ်လကျော်မှာ ဝီလျှမ်သည် ဘုရားကျောင်းမှ ကောက်နုတ်ထားသည့် ကျမ်းစာကို ယူပြီး ကြည့်ရှုဖတ်ခဲ့သည်။ သူ ကျမ်းစာဖတ်စဉ် ဖခင် အဲ့ဝဲလ်သည် ကြားဖြတ်ဝင် စကားပြောခဲ့သည်။ ဖခင် မေးသည်မှာ သင်ဘာတွေဖတ်သလဲဆိုတာ နားလည်သလား။ ဝီလျှမ်က ကျမ်းစာ ဖတ်ခြင်းအားဖြင့် အကျွန်ုပ်ကိုယ်ကို ခွန်အားယူခဲ့သည်ဟု ပြန်ပြောသည်။ ဤကျမ်းစာသည် ဘုရားသခင်မှုတ်သွင်းသော သန့်ရှင်းသော ကျမ်းစာဖြစ်သည်ဟုပြောခဲ့သည်။ ဖခင် အဲဝဲလ်က သင်သည် အင်္ဂလန်ဘုရင်၏ ဥပဒေကို မနှစ်သက်ကြောင်းထွက်ခွာ ခဲ့သည်မဟုတ်လော့ ဝီလျှမ်က ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် သူ၏ နှုတ်ကပတ်သော်ကို ယုံနိုင်သော အခွင့်ပေးသနားတော်မူပြီး ဘာပဲဖြစ်လာ ပြဿနာမရှိဟု ပြောဆိုခဲ့သည်။ ဤကျမ်းစာသည် လောက အသက်စဉ်ကာလပတ်လုံး ကျွန်တော်ဖတ်ရှုလေ့လာမှာဖြစ်သည်။ ဤကျမ်းစာအားဖြင့် နေ့စဉ် အသက်တာ၌ ခွန်အားယူ၏ဟုပြန်ဖြေလိုက်သည်။ သင်းအုပ်ဆရာက ဝီလျှမ်သည် အယူမှားဖြစ်သည်ဟု စွဲစွက်ခဲ့သည်။ သင်းအုပ်ဆရာနှင့် အငြင်းအခုံဖြစ်ပွားပြီး ပြဿနာတက်လာခဲ့သည်။ ထို့ကြောင့် ဖခင်က ဝီလျှမ်ကို ပုန်းအောင်းရန် ပြောသော်လည်းပဲ ဝီလျှမ် က ဖခင်ဆီသို့ အတူပြန်သွားဖို့တောင်းခဲ့သည်။ သူတို့မြို့ရောက်

တာနှင့် ဝီလျှမ်သည် အဖမ်းခံပြီး မစ်စတာ ဘာရောင်ရှေ့ ခေါ်ခံခဲ့သည်။ ဝီလျှမ်သည် သူ၏ ယုံကြည်ခြင်းမှာ ရပ်တည်ပြီး ခိုင်မြဲစွာ ရင်ဆိုင်ခဲ့သည်။ အချုပ်ထဲတွင် ဝီလျှမ်သည် ပေါင်မုန့် နှင့်ရေကိုသာ ကျွေးခဲ့သည်။  ဘိုနာဆိုထောင်မှူးတစ်ယောက်က သင်သည် အသက်ဘယ်လောက်လဲဟု မေးခဲ့သည်။ ၁၉ နှစ်ဟုဖြေခဲ့သည်။ သင်သည် အသက်၂၀ နှစ်မဆိုင် ဥပဒေအရ မနေမလိုက်လျှင် မီးရှူ့ခံမည်ဟု ထောင်မှူးက ပြန်ပြောခဲ့သည်။ ဝီလျှမ်သည် ၉လ အတွင်းထောင်ထဲမှာ နေခဲ့ပြီး ဖခြိမ် ခရစ်ယာန်ဂိုဏ်းအုပ်ရှေ့ပေါ်ထွက်ခဲ့သည်။ ခရစ်ယာန်ဂိုဏ်းအုပ်က ဝီလျှမ်ကို သင်၏ အယူအဆကို စွန့်လွှတ်လျှင် သင်သည် လွှတ်လပ်မည်ဖြစ်ပြီး ပေါင်ငွေ ၄၀ ငါပေးမည်ဟုပြောခဲ့သည်။ ဒါပေမဲ့ ဝီလျှမ်က အကျွန်ုပ်၏ယုံကြည်ခြင်းကို ကျမ်းစာမှ အပ အပြောင်းလဲနိုင် ဘုရားသခင်ထံမှ တပါး ယုံကြည်ခြင်း မရှိနိုင်ဟု ပြန်ပြောခဲ့သည်။ ထို့ကြောင့် ဝီလျှမ်သည် နူးဂေ့ထောင်မှာ တလလောက် ထောင်ကျခဲ့ပြီးနောက် သူသည် မီးရှို့ရန် အိမ်သို ့ ယူဆောင်ခဲ့သည်။ ဝီလျှမ်မိဘများသည် ဝီလျှမ်ကို ခွန်အားပေးပြီး သစ္စာရှိဖို့ ခရစ်တော်အတွက် သူ၏ အသက်တာပေးဆပ်ရဲ သည်ဟုကြွေးဝါခဲ့ကြသည်။ ဝီလျှမ်သည် သူ၏ ပရိသတ်တို့ကို ဆုတောင်းပေးဖို့တောင်းခံခဲ့သည်။ ပရိသတ်များ အကြားလူ တယောက်က” ဝီလျှမ်၏ ဝိညာဉ်အပေါ် ဘုရားသခင်သနားကြင်နာခြင်း” ရှိပါဟု ဆုတောင်းပေးခဲ့သည့်အခါ ပရိသတ်များတို့ သည် အာမင်၊ အာမင်ဟု ပြောဆိုခဲ့သည်။ ဝီလျှမ်လက်မြှောက်ပြီး ကောင်းကင်ဘုံကို မျှော်ကြည့်လျက်” ကိုယ်တော် အကျွန်ုပ်၏ ဝိညာဉ်ကို လက်ခံပေးသနားတော်မူပါ”ဟု ဆုတောင်းခဲ့သည်။ ဝီလျှမ်သည် စစ်မှန်သော သမ္မတရားအတွက် အသက်တာ ပေးဆပ်ပြီး အသွေးသားများက ဘုရားသခင်ကို ချီးမြှောက်ခဲ့သည်။

### “မျက်ရည်ကျလျက် မျိုးစေ့ကြဲသော သူတို့သည် ရွှင်လန်းလျက်စပါးရိတ်ကြလိမ်းမည်”

## “The Who sow in Tears Shall Reap in Joy”

ဒေးဗစ်နှင့် စဗားဖလပ်

၁၉၂၁ ခုနှစ်တွင်သာသနာပြုပုဂ္ဂိုလ် ဒေးဗစ်နှင့် စဗားဖလပ်တို့သည် သူတို့၏ သား၂ နှစ်အရွယ် ဒေးဗစ်နှင့် အဖရိကနိုင်ငံတွင် သွားရောက်ပြီး အီရစ်ဆန်နှင့် မိသားစုကို တွေ့၍ သူတို့၏ လမ်းညွှန်သည့်အတိုင်း ခရီးသွားခဲ့သည်။ အဓိကရည်ရွယ်ချက်သည် သာသနာပြု သတင်းကောင်းဟောပြောဖို့ဖြစ်သည်။ ယုံကြည်ခြင်းနှင့် ခြေလှမ်းလှမ်းဖို့ဖြစ်သည်။ ဤဝေးကွာသော အရပ်ဒေသသည် အသားနားခံမှုကို ငြင်းဆန်သော ဒေသတာဝန်ခံရှိသည့်အတွက် ရပ်ရွာအထဲဝင်ရောက် ခြင်းကိုခွင့်မပြုပါ။ သူတို့သည် ဆုတောင်းပြီးရွာထဲဝင်ရန်ကြိုးပမ်းသည့်အချိန်တွင် လူငယ်တယောက် ကြက်သားနှင့် ကြက်ဥ တပတ်နှစ်ကြိမ်ရွာထဲတွင် ရောင်းသူနှင့် ပထမဆုံးတွေ့ခဲ့သည်။ စဖားဖလ်ပ်သည် ဤလူငယ်ကိုတွေ့တာနှင့် တရားဒေသနာ ဟောပြောရန် ကြိုးစမ်းခဲ့ပြီး နှစ်ပတ်လောက်အကြာမှာ ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် သက်သေအဖြစ် ဤလူငယ်သည်  ခရစ်တော်ကို လက်ခံယုံကြည်ပြီး ဒုတိယမွေးဖွားခြင်းရရှိခဲ့သည်။ ပြီးနောက်ဤအရပ်ဒေသသည် ငှက်ဖျားရောဂါများသော  ကြောင့် အီရစ်ဆန်သည် ပြန်လှည့်ဖို့ရည်ရွယ်ခဲ့သည်။ ဒေးဗစ်နှစ် စဖားဖလပ်တို့သည် ကျန်ရစ်ခဲ့ကြသည်၏၏ နောက်မကြာမီ စဖားဖလပ်သည် ကိုယ်ဝန်ဆောင်ပြီး သမီး အေနာကို မွေးဖွားခဲ့သည်။ နောက်စဖားဖလပ်သည် ငှက်ဖျားရောဂါခံစားပြီးဤ အရပ်ဒေသတွင် ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် ဒေးဗစ်သည် အလွန်စိတ်ဆင်းရဲပြီး ချစ်လှစွာသော အမျိုးသမီးကို သင်္ဂြိုလ်ပြီးမှ သားသမီးများနှင့်အတူ သာသနာပြုအောင်ဟု ခေါ်တော်မူသော အရပ်ဒေသသို့သွားရောင်အနားယူခဲ့သည်။ ဒေးဗစ်သည် ၉ လ သမီးလေးကို မိခင်သေဆုံးပြီးနောက် မစောင့်ရှောက်နိုင်သည့်အခါ အမေရိကန် သာသနာပြုဘဲ(တ်)ထံသို့ပေးဆပ်ခဲ့ပြီး အက်ဂီဟု အမည်ပြောင်းလဲမှည့်ထားခဲ့သည်။ အက်ဂီသည် ကြီးထွားလာသည့်အခါ မြောက်ကျမ်းစာကျောင်းတွင် ဓမ္မသင်ယူရန် စေလွှတ်ခဲ့သည်။ ပြီးနောက် ကျမ်းစာ ဒီဂရီ ရရှိပြီး တရားဟောဆရာ ဒီဝေဟာ့စ်နှင့် လက်ထပ်ခဲ့ကြသည်၏၏ ဘုရားအမှုတော်၌ ပျော်ရွှင်ဝမ်းမြောက်စွာ ခြေလှမ်းကြပြီး သမီးလေးရရှိခဲ့ကြသည်။ ဒီဝေဟာ့ထ်သည်လည်း ခရစ်ယာန် ကျောင်း၌ ခေါင်း

ဆောင်ဖြစ်လာသည်။ တနေ့တော့ ၁၉၆၃ ခုနှစ်တွင် သူ၏ စာတိုက်သေတ္တာထဲတွင် စာစောင်တခုတွေ့မြင် ခဲ့သည်။ ဘယ်သူပို့မလဲ ဆိုမသိ။ စာအိတ်လေးဖွင့်လိုက်သည့်အခါ မိခင်စဗားဖလပ်၏ စာပင်ဖြစ်သည်။ အက်ဂီသည် သူမ၏ ကားဖက်သို့ ခုန်ချ၍ တက္ကသိုလ်မဟာဌာန လုပ်ဖော်ကိုင်ဖက်တယောက်ကို ဘာသာပြန်ပေးဖို့ တောင်းဆိုခဲ့သည်။ ဤစာလေး ဘာသာပြန်ပေးသည့်အခါ ၁၉၂၁ ခုနှစ် သာသနာပြုပုဂ္ဂိုလ်များ၏ အမှုတော်ဆောင်ခြင်းအကြောင်းပင်ဖြစ်သည်။ ကလေးမ မွေးဖွားခြင်း၊ လူငယ်တယောက် ဒုတိယ မွေးဖွားခြင်း၊ အဖရိကရပ်ဒေသ၌ ဓမ္မကျောင်းတည်ဆောက်ခြင်း စသည့် အကြောင်း များပင်ဖြစ်သည်။။ ထို့နောက် စဗားဖလပ်သေဆုံးသည့်အကြောင်း၊ ဘုရားသခင်၏ လူငယ်အတွဲလေးခေါ်ဆောင်ပုံများနှင့် ဒီဝေဟတ်ထ် တို့၏ အကြောင်းများကိုလည်း ဖော်ပြထားခဲ့သည်။ နှစ်အနည်းငယ်ကြာလာသည့်အခါ ခရစ်ယာန်တရားတော် တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်ကြပြီး လူပေါင်းတစ်သိန်းကျော်နှစ်ခြင်း မင်္ဂလာခံ၍ ဤတွေ့ဆုံဆွေးနွေးပွဲ အားဖြင့် ကယ်တင်ခြင်းရရှိခဲ့ကြသည်။ အက်ဂီသည် တရားဟောဆရာကို ဒေးဗစ်နှင့် စတားဖလပ်ကို သိသလားဟု မေးမြန်းခဲ့သည်။ တရားဟောဆရာ သည် မျက်ရည်ကျပြီး အကျွန်ုပ်သည် ဒေးဗစ်နှင့် စမားဖလပ်တို့၏ တရားဟောခြင်းဖြင့် ကယ်တင်ခြင်း ရရှိခဲ့ သည်ဟုပြောဆိုခဲ့ သည်။ တရားဟောဆရာဆက်ပြောသည်မှာ သင်၏ အမေသည် ဘုရားအသုံးပြုပြီး ကျွန်ုပ်တို့သမိုင်းအကြောင်းတွင် မမေ့နိုင်သည့် တရားဟောဆရာသည် အသင်းတော်၏ အစည်းအဝေးတွင် ရှင်ယောဟန် ၁၂း၂၄ ကိုဖတ်ပြီး တရားဟောခဲ့သည်။ “ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသော စပါးစေ့သည် မပျက်လျှင် တခုတည်းနေ၏၊ ပျက်လျှင်မူကား များစွာသော အသီးကိုသီးတတ်၏”ထို့နောက် အခြားသော ကျမ်းပုဒ်ဆာလံ ၁၂၆း၅ ကိုပြန်ဖတ်သည်။ မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူတို့သည် ရွှင်လန်းလျက် စပါးရိတ်ကြလိမ့်မည်။

–နိုင်ငံမရှိသည့် အမျိုးသမီး၏ ပုံပြင်မှ ကောက်နုတ်ထားသည်။